## ၁၁၃။ တာဝန်ရှိသူနှင့် အကြွားသန်သူ

တံတားပေါ်မှာ လူကြီးတစ်ဦးက ငါးမျှားနေသူလူငယ် တစ်ယောက်ကို လှမ်းမေးလိုက်သည်။

လူကြီး ။ ။ ဘယ့်နှယ်လဲ ကိုယ့်လူ။ ငါး တော်တော်ရရဲ့လား။

လူငယ် ။ ။ ဟာ၊ ဘယ့်နှယ်ပြောပါလိမ့်။ မနေ့ကဆို ဒီနေရာမှာ မျှားခဲ့တာ ငါးအချိန် ၄၀ လောက် ရမယ်။

လူကြီး ။ ။ ငါ ဘယ်သူလဲဆိုတာ မင်း သိလား။

လူငယ် ။ ။ ဟင့်အင်း၊ မသိဘူးဗျ။

လူကြီး ။ ။ ဒီရေကန်မှာ ငါးမျှားတဲ့လူတွေကို ဖမ်းဖို့ တာဝန်ယူထားတဲ့အရာရှိကွ။

လူငယ် ။ ။ ဒါဆို ကျွန်တော် ဘယ်သူလဲဆိုတာကော ခင်ဗျားသိလား။

လူကြီး ။ ။ မသိဘူးလေကွာ။

လူငယ် ။ ။ ဟော့ဒီ မယ်ရီလင်းပြည်နယ်တစ်ခုလုံးမှာ ကျွန်တော့်လောက် အကြွားပိုတတ်တဲ့သူ တစ်ယောက်မှ မရှိဘူးဗျ။